**(၆) ဝါမှဲ့ပြောက်စွန်း ရောဂါ (Anthracnose of Cotton)**

**ရောဂါဖြစ်စေသောသက်ရှိ - *Colletotrichum gossypii* Southw.**

**ရောဂါလက္ခဏာများ**

ရောဂါဖြစ်စေသောမှိုသည် အပင်၏ အစိတ်အပိုင်းများစွာကို တိုက်ခိုက်ပြီး မှဲ့ပြောက် စွန်း ရောဂါကွက်ကို ဖြစ်စေသည်။ ပျိုးပင်အဆင့်တွင် အစေ့ရွက်နှင့် နှင့် ပင်မအရွက်များပေါ်တွင် နီမြန်း သော စက်ဝိုင်းပုံ အစက်အပြောက်လေးများ ဖြစ်ပေါ်သည်။ မြေပြင်နှင့်ကပ်လျှက် အပိုင်းတွင် ဒဏ်ရာ ဖြစ်ပေါ် ပြီး ပင်စည်တစ်ပတ် လည်ဆွေးမြေ့ သေဆုံးသွားနိုင်သည်။ အရွက်များတွင်၊ အထူးသဖြင့် အရွက်၏အောက်မျက်နှာပြင်တွင် ပန်းရောင်၊ အညိုရောင်အစက်အပြောက်များဖြစ်ပေါ်လာသည်။ ကြီးမားသော တစ်ရှူး သေကွက်များ ရွက်ကြောတစ်ဝိုက်တွင် ဖြစ်ပေါ်သည်။ အပင်ကြီးများတွင် ရောဂါဖြစ် စေသောမှိုသည် ပင်စည်ကို တိုက်ခိုက်ပြီး ပင်စည်ကွဲခြင်းနှင့် အခေါက်များကို ကွဲကြေစေ ပါသည်။ အဖြစ်များဆုံး လက္ခဏာမှာ ဝါသီးတွင် အစက်အပြောက်များဖြစ် ပေါ်ခြင်းဖြစ်သည်။ သေးငယ်သော နီညိုရောင်ရှိသည့် စက်ဝိုင်းပုံ ရေစိုနာ အစက်အပြောက်များသည် ဝါသီးပေါ် တွင် ပေါ်လာသည်။ ရောဂါကျရောက်သော ဝါသီး၏ ဝါမျှင်များသည် အဝါ ရောင်သို့မဟုတ် အညိုရောင် သို့ စွန်းထင်းပြီး ကြွပ်ဆတ်သောအမျှင်အခဲများ ဖြစ်လာသည်။ ဝါသီးများသည် ကြီးထွားမှုရပ် တန့်လာပြီး ကွဲထွက်ကာ အချိန်မတိုင်မီ ခြောက်သွေ့သွားပါ သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- မျိုးစေ့ဆောင်ရောဂါဖြစ်သည်။
- ခံနိုင်ရည်ရှိသောမျိုးကိုအသုံးပြုပါ။
- ရောဂါကင်းသော၊ ကျန်းမာသန်စွမ်းသောမျိုးစေ့ကိုစိုက်ပျိုးပါ။
- ပင်ကြွင်းပင်ကျန်များကိုဖယ်ရှားပါ၊ မီးရှို့ဖျက်ဆီးပါ။
- ရောဂါကျရောက်ပါကအောက်ပါမှိုသတ်ဆေးတစ်မျိုးမျိုးဖြင့် အပင်ခြေရင်းသို့ရွဲရွဲ ပက်ဖျန်းပါ။
- Thiophanate–methyl)( သိုင်အိုဖါနိတ်မီသိုင်း)
- Chlorothalonil (ကလိုရိုသာလိုနေးလ်)၊
- Tebuconazole (တက်ဗျူကိုနာဇိုး)
- Propiconazole (ပရိုပီကိုနာဇိုး)
- Difenoconazole (ဒီဖီနိုကိုနာဇိုး)၊